BURMESE WOMEN'S UNION

# အမျိုးသမီးများဆိုင်ရာလစဉ်သတင်းအနှစ်ချုပ်

ရက်စွဲ။ ။၂၀၂၂ ခုနှစ် မတ်လ ၃ ရက်

# **February** 2022

## ▪ နိဒါန်း

မင်းအောင်လှိုင်ဦးဆောင်သော စစ်အုပ်စုမှ အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလ တစ်နှစ်ကျော်ကြာလာပြီဖြစ်သည့် ၂၀၂၂ခုနှစ် ဖေဖော်ဝါရီလအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် သတ်ဖြတ်ခြင်းများအပါအဝင် ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ ဆက်လက်ကျူးလွန်လျက်ရှိသည်။ စစ်ကောင်စီမှ အရပ်သား ပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား၍ လေတပ်အင်အားကို အသုံးပြုကာ သာလွန်အင်အားဖြင့် တိုက်ခိုက်လျက်ရှိသည်။ လက်ရှိတွင် နိုင်ငံတဝန်းတိုက်ပွဲဖြစ်ပွားမှုများ ပို၍ များပြားလာသည့်အပြင် စစ်ပွဲများကြောင့် စစ်ဘေးရှောင် အရပ်သားဦးရေမှာလည်း တိုးလာလျက်ရှိပြီး စားနပ်ရိက္ခာအခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။

ယခုအမျိုးသမီးများဆိုင်ရာသတင်းအနှစ်ချုပ်သည် မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) မှ ဖေဖော်ဝါရီလအတွင်း ခိုင်လုံသောသတင်းမီဒီယာများမှ စုဆောင်းရရှိထားသော သတင်းအချက်အလက်များအပေါ်အခြေခံ၍ အနှစ်ချုပ် ပြန်လည်တင်ပြခြင်းဖြစ်သည်။ BWU မှ ကောက်ယူထားသောအချက်အလက်များအရ ဖေဖော်ဝါရီလအတွင်း စစ်ကောင်စီ၏အကြမ်းဖက်မှုများကြောင့် သေဆုံးသူအမျိုးသမီး စုစုပေါင်း (၁၅)ဦးနှင့် (၆၆)ဦး ဖမ်းဆီးခံခဲ့ရသည်။

## ▪ အမျိုးသမီးနိုင်ငံရေးလှုပ်ရှားမှုများ

လက်ရှိ နိုင်ငံရေးအခြေအနေတွင် အမျိုးသမီးများသည် အာဏာရှင်ဆန့်ကျင်ရေး၊ စစ်အာဏာရှင်ပြုတ်ကျရေးအတွက် ရသည့်နေရာ၊ အခန်းကဏ္ဍများမှ ပါဝင်လှုပ်ရှားလျက်ရှိနေသည်။ ဖေဖော်ဝါရီလအတွင်းတွင် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ တနင်္သာရီတိုင်းစသည့်မြို့များမှ အမျိုးသမီးများသည် မြို့နယ်အလိုက် "တော်လှန်နှင်းဆီရဲရဲနီ အာဏာရှင်ကိုအမြစ်ဖြတ်မည်" ဆိုင်းဘုတ်များနှင့်အတူ စစ်အာဏာရှင်စနစ်ကို အရှိန်အဟုန်မပြတ်ဆက်လက်တိုက်ထုတ်သွားကြရန် တိုက်တွန်းနိုးဆော်ကာ သပိတ်များကိုဦးဆောင်ဆင်နွှဲခဲ့သည်။[1] စစ်ကောင်စီမှ အာဏာသိမ်းရန် ကြိုးပမ်းမှုကာလ တစ်နှစ်ပြည့်သည့် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် တနိုင်လုံးအတိုင်းအတာဖြင့် အသံတိတ်သပိတ်လှုပ်ရှားမှုတွင်လည်း တတိုင်းပြည်လုံးရှိ အိမ်ရှင်မအမျိုးသမီးများသည်လည်း ဈေးထွက်ဝယ်ခြင်းကိုရှောင်ကြဉ်၍ စစ်အုပ်စုကိုအလိုမရှိကြောင်း ပြည်သူတရပ်လုံးနှင့်အတူပါဝင်ခဲ့သည်။ စစ်အုပ်စုမှ မည်သို့ပင် ဖိနှိပ်တိုက်ခိုက်မှုများပြုနေပါသော်လည်း အမျိုးသမီးများ၏ သံမဏိစိတ်ဓာတ်ကိုချေမှုန်း၍ မရသည်ကို ပြသလိုက် ခြင်းပင်ဖြစ်သည်။

## ▪ အမျိုးသမီးဖမ်းဆီးခံရမှုများ

စစ်ကောင်စီသည် လက်ရှိဂုင်းတို့ စစ်အုပ်စု၏အုပ်ချုပ်ရေးယန္တရားများ လည်ပတ်နိုင်စေရေးအတွက် ညှော်စာရင်းစစ်သည့် ကိစ္စရပ်အားအကြောင်းပြကာ ပြည်သူများအား မတရားဖမ်းဆီးများကို ဆောင်ရွက် လျက်ရှိသည်။ ညှော်စာရင်းကိစ္စကိုအကြောင်းပြ၍ မော်ဒယ်သရုပ်ဆောင် သင်းသင်း၏နေအိမ်သို့ဝင်ကာ သူမအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး နောက်နေ့တွင် ခံဝန်ဖြင့် ပြန်လွှတ်လာကြောင်း သိရှိရသည်။ ယခု ဖေဖော်ဝါရီလအတွင်း ဖမ်းဆီးခံရသူများထဲတွင် CDM ကျောင်းဆရာမများလည်း အများအပြား ပါဝင်သည်။



*Photo 2: Photo – Women Alliance Burma*



*Photo 1: Photo from Myanmar Now*

---

[1] Women Alliance Burma, Feb 16 https://www.facebook.com/WomenAllianceBurma2021/posts/148292857595730

အင်းတော်မှ CDM ကျောင်းဆရာမ ဒေါ်ခင်လှနှင့် ဒေါ်ခင်ချိုလှိုင်တို့ နှစ်ဦးအား စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ မေးမြန်းစရာရှိသည်ဟုဆိုကာ နေအိမ်တွင်လာရောက်ခေါ်ဆောင်ခြင်းခံခဲ့ရသည်။[2] စစ်ကိုင်းတိုင်း၊ ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက်မှ အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်ထားသည့် ကျောင်းဆရာမ ဒေါ်အေးမင်းသန်းကိုလည်း နေအိမ်တွင် လာရောက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ သို့သော် မည်သည့်အကြောင်းရင်းကြောင့်ခေါ်ဆောင်သွား သည်ကိုမသိရသေးပေ။[3]

ထို့အပြင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် ပတ်သက်သည်ဟုစွပ်စွဲချက်ဖြင့် ဖမ်းဆီးခံရသည့် အမျိုးသမီးများလည်းရှိခဲ့သည်။ အင်ဒိုင်းကုန်းရွာတွင် နေထိုင်သည့် မနှင်းနှင်းကိုလည်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များနှင့် ပတ်သက်သည်ဟုဆိုသည့်စွပ်စွဲချက်ဖြင့် စစ်ကောင်စီတပ်သားများက နေအိမ်ထဲတွင် လာရောက်ဖမ်းဆီးသွားခဲ့သည်။[4] ပဲခူးမြို့ ပဲခူး-သနပ်ပင်ကားလမ်းမ၊ ရွှေမောဓောဘုရားတောင်ဘက်မုဒ်၊ ဆံတော်တွင်းလမ်းမတန်းအနီးတွင်နေထိုင်သည့် အထက်တန်းပြဆရာမ ဒေါ်မာမာအေးကိုလည်း ဖေဖော်ဝါရီ (၂၀) ရက် ည (၁၀) နာရီအချိန်တွင် စစ်တပ်နှင့် ရဲအင်အား (၃၀) ခန့်မှ နေအိမ်သို့လာရောက်ဖမ်းဆီးသွားခဲ့သည်။[5] မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မန်းမြို့ဈေးအနီးမှ ရွှေဆိုင်တွင်အလုပ်လုပ်နေသည့် မနေခြည်ရွှန်းလဲ့ထွန်းအား ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် စစ်ကောင်စီမှ လာရောက်ဖမ်းဆီးသွားပြီးနောက် မိသားစုဝင်များနှင့် အဆက်သွယ်ပြတ်နေသည်။[6] ဖမ်းဆီးထိန်းသိမ်းထားသည့်နေရာနှင့် ဖမ်းဆီးရသည့် အကြောင်းအရင်းကို မိသားစုဝင်များ မှ မသိရသေးပေ။ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်ဝကျေးရွာမှ ကိုယ်ဝန် (၇) လလွယ်ထားရသူ မသူဇာဝင်းထွေးအားလည်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ပစ္စည်းထောက်ပံ့ပေးနေသည်ဟုစွပ်စွဲကာ မတရားဖမ်းဆီး၍ ရုံးထုတ်စစ်ဆေးမှုပြုလုပ်နေသည်။[7] ထို့အပြင် စစ်ကောင်စီအုပ်စုဝင်များမှ ယင်းမာပင်မြို့နယ်၊ ချင်းပုံးရွာကို ဖေဖော်ဝါရီ (၂၆) ရက်နေ့ မနက် (၉) နာရီမှစတင်၍ လေကြောင်းမှပစ်ခတ် တိုက်ခိုက်ပြီး ကျေးရွာအတွင်းစီးနင်းရာတွင် ဘုန်းကြီးကျောင်းဝင်းရှိ မြေအောက်ခန်းမှ အသက် ငါးနှစ်အောက် ကလေးငယ် (၈၀) ဦးအား စစ်ကောင်စီအုပ်စုဝင်များမှ ဓားစာခံအဖြစ် ဖမ်းဆီးခဲ့သည်။ [8]

[2] Burmese DVB, Feb 17
http://burmese.dvb.no/archives/517529?fbclid=IwAR0WFKC8vQnE_omFCDNAT6Ra8jsnbLCH2csSL0pgoFBfwgxAgvCFZRvIp4o

[3] RFA, Feb 17 https://www.facebook.com/rfaburmese/posts/10161662640843128

[4] RFA, Feb 17 https://www.facebook.com/rfaburmese/posts/10161662640843128

[5] DMG, Feb 23 https://www.facebook.com/dmgnewsagency/posts/2232142423604823

[6] RFA, Feb 18 https://www.facebook.com/rfaburmese/posts/10161664166363128

[7] KhitThit Media, Feb 24 https://www.facebook.com/khitthitnews/posts/1433230280447647

[8] https://web.facebook.com/photo?fbid=284498837124458&set=a.269204935320515

## ▪ အမျိုးသမီးသေဆုံးမှုများ

၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် လက်နက် ထိမှန်၍ သော်လည်းကောင်း၊ မိုင်းပေါက်ကွဲ၍သော်လည်းကောင်း အသက်ဆုံးရှုံး၊ ကိုယ်လက်အင်္ဂါဆုံးရှုံးလိုက်ရသူများ တွင် အမျိုးသမီးများနှင့် ကလေးသူငယ်များလည်းပါဝင်သည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားရဲတပ်ရင်း အမှတ် (၃၀) အနီးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဗုံးလာရောက်ခွဲသူများနှင့် ရဲတပ်ဖွဲ့ဝင်များကြား အပြန်အလှန် ပစ်ခတ်မှုတို့ကြောင့် စောင်ထဲတွင်ဂိမ်းဆော့နေသူ အသက် (၇) နှစ်အရွယ် မောင်ဘုန်းခန့်ထည်၏ ရင်ဘတ်ကို ကျည်ဆံထိမှန်ကာ နေရာတွင်ပင်ပွဲချင်းပြီးသေဆုံးခဲ့ရသည်။[9] ထို့အပြင် လမ်းသွားလမ်းလာသည့်ပြည်သူများအား ရပ်ခိုင်းကာစစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး မရပ်ပေးပါကပစ်ခတ်မှုများပြုလုပ်လျှက်ရှိသည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ မနောကွင်းအဝိုင်းပတ်အနီး ကားဖြင့်ဖြတ်လာသည့် လူငယ် (၆) ဦးခန့်ကို စစ် ကောင်စီတပ်ဖွဲ့များမှ သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့်အတွက် အမျိုးသမီးတစ်ဦး ကျည်ထိမှန်သေဆုံးခဲ့ကာ နောက် အမျိုးသမီးတစ်ဦး၏ ပေါင်၌ ထိမှန်ခဲ့ပြီး ကျန်လူငယ်များကို ဖမ်းဆီးခဲ့သည်။[10] အလားတူပင် ပဲခူးတိုင်း၊ နန်းတော် ရာရပ်ကွက်၊ အင်းဝင် (၁၀) လမ်းထိပ်တွင် အကင်ဆိုင် ဖွင့်လှစ်ထားသည့် ကလေးမွေးရန် ရက်ပိုင်းသာလိုတော့ သည့် ကိုယ်ဝန်ဆောင်သည် အသက် (၂၃) နှစ်အရွယ် မချစ်ချစ်ထွန်းကို ဇန်နဝါရီလ (၃၁) ရက်နေ့ ည (၉) နာရီ (၃၀) မိနစ်ခန့်တွင် အကြမ်းဖက် စစ်တပ်ကပစ်ခတ်သတ်ဖြတ်ခဲ့သည်။[11]

ထို့အပြင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များမှ စက်ဆုပ်ဖွယ်လုပ်ရပ်ဖြစ်သည့် အမျိုးသမီးများအပေါ် လူမဆန်စွာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် သတ်ဖြတ်ခြင်းများကို ဆက်လက်ကျူးလွန်လျှက်ရှိသည်။ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်၊ ကျောက်ပြင်သာအုပ်စု၊ မင်းကုန်းရွာထိပ်တောင်ကုန်းတွင် ဖေဖော်ဝါရီလ (၂၃) ရက်နေ့၌ အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့များမှ သတ်ဖြတ်ထားသော ရုပ်အလောင်း (၄) လောင်းတွေ့ရှိခဲ့ပြီး အမျိုးသမီး (၂) ဦးမှာ မုဒိမ်းကျင့်သတ်ဖြတ်ခံခဲ့ရသည်။[12] ထိုမုဒိမ်းကျင့် သတ်ဖြတ်ခံရသူအမျိုးသမီး (၂) ဦးမှာ ဒေါ်ခင်စော (အသက်-၄၉) နှင့် မနေခြည်မင်း (အသက်-၂၂) သည် ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန် ထမ်းစာရေးမဖြစ်ကာ CDM ပြုလုပ်ရန် တိမ်းရှောင်လာ သူဖြစ်သည်။

## ▪ စစ်ရှောင်ပြည်သူများအခြေအနေ

[9] Feb 1 https://www.facebook.com/permalink.php?story_fbid=1005380890082924&id=382181045736248

[10] Kachin Waves, Feb 14 https://www.facebook.com/kachinwavesnews/posts/5225868664092870

[11] KhitThit Media, Feb 1 https://www.facebook.com/khitthitnews/posts/1414909445613064

[12] KhitThit Media, Feb 24 https://www.facebook.com/khitthitnews/posts/1433125483791460

စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားဆက်လက်တိုက်ခိုက်လျှက်ရှိပြီး ကျေးရွာနေအိမ်များကို မီးရှို့ခြင်း၊ လေယာဉ်ဖြင့်ဗုံးကြဲခြင်းနှင့် စစ်ရှောင်ပြည်သူများ ခိုလှုံသည့်နေရာများတွင် ပစ်မှတ်ထားတိုက်ခိုက်ခြင်းများ ပြုလုပ်လျှက်ရှိသည်။



Photo 4: photo- Chin World




Photo 3: photo- KRC

ထို့ကြောင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ (IDPs) များတရက်ထက်တရက် တိုးလာလျက်ရှိသကဲ့သို့ နီးစပ်ရာနိုင်ငံများသို့ သွားရောက်ခိုလှုံရန် ကြိုးပမ်းသူများလည်းပိုမိုများပြားလာလျက်ရှိသည်။ စစ်ကောင်စီ၏ အင်အားအလွန်အကျူးသုံးတိုက်ခိုက်မှုများကြောင့် ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်နှင့် မိုးမောက်မြို့နယ်၊ တနသာ်ရီမြို့နယ်၊ သျှမ်းပြည်နယ်တောင်ပိုင်း မိုးဗြဲမြို့တို့မှ စစ်ရှောင်ဦးရေများ ထပ်မံတိုးလာလျက်ရှိသည်။ ဖေဖော်ဝါရီ (၂၃) ရက်နေ့ UNHCR ၏ထုတ်ပြန်ချက်အရ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုတစ်နှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံတစ်ဝှမ်း အသစ်ထပ်မံ နေရပ်စွန့်ခွာ ပြောင်းရွှေ့နေထိုင်ရသူဦးရေ ၄၅၃,၀၀၀ အထိရှိလာကြောင်း သိရှိရသည်။[13]

စစ်ရှောင်ဦးရေတိုးလာလျက်ရှိသော်လည်း ရိက္ခာစုဆောင်းပို့ဆောင်ရေးများတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ တင်းကြပ်သည့် စစ်ဆေးမှုများကြောင့် စစ်ရှောင်စခန်းအများအပြားတွင် စားနပ်ရိက္ခာပြတ်လပ်လာနိုင်သည့် အခြေအနေများနှင့် ရင်ဆိုင်နေကြရသည်။ ကရင်နီပြည်နယ်အတွင်းရှိ စစ်ဘေးဒုက္ခသည်များအတွက် သိုလှောင်ထားသည့်စားနပ်ရိက္ခာများမှာ အလွန်နည်းပါးနေ၍ သုံးလအတွင်းငတ်မွတ်ခေါင်းပါးလာနိုင်သည့် အခြေအနေရှိနေသည်။[14] စစ်ရှောင်ဦးရေ (၅၀၀) ခန့် ကျန်ရှိသည့်သျှမ်းပြည်တောင်ပိုင်း၊ မိုင်းကိုင်မြို့နယ်အတွင်းရှိ စစ်ရှောင်

[13] Burmese Associated Press News, Feb 23 https://www.facebook.com/burmaassociatedpressnews/posts/343463371123035

[14]Katarrawaddy Times, Feb 16 https://www.kantarawaddytimes.org/%E1%80%80%E1%80%9B%E1%80%84%E1%80%BA%E1%80%94%E1%80%AE-%E1%80%85%E1%80%85%E1%80%BA%E1%80%98%E1%80%B1%E1%80%B8%E1%80%92%E1%80%AF%E1%80%80%E1%80%B9%E

စခန်းတွင်လည်း စားနပ်ရိက္ခာနှင့်စောင်များလိုအပ်နေသည်။[15] ပူတာအိုမြို့နယ်၊ လုံရှာယာန်ကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေးတပ် (KIA )နှင့် PDF ပူးပေါင်းတပ်တို့ကြား ဖြစ်ပွားခဲ့သောတိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရသည့် ဒေသခံပြည်သူများ အနွေးထည်နှင့် မိုးကာများလိုအပ်နေသည်။[16]

ထို့အပြင် ယခုချိန်ထိနေရပ်မပြန်နိုင်သေးသည့် ရခိုင်ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများသို့ ဒေသအခြေစိုက် NGO များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပရဟိတအသင်းအဖွဲ့များမှ လာရောက်ကူညီမှု နည်းပါးလာသဖြင့် စစ်ဘေးရှောင်များမှာ စားဝတ်နေရေးကျပ်တည်းလာနေကြသည်။[17] ထိုစစ်ရှောင်စခန်းရှိ စစ်ရှောင်များမှ ယခင်က ရရာကျပန်းအလုပ်များကို လုပ်ကိုင်၍ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးအတွက် ဖြေရှင်းနိုင်ခဲ့သော်လည်း ယခုအချိန်တွင် ကိုဗစ်ရိုက်ခတ်မှုနှင့်အတူ အာဏာသိမ်းမှုတို့ကြောင့် အလုပ်အကိုင်ရှားပါး မှုဒါဏ်ကို ခံနေကြရသည်။ ထို့ကြောင့် တနေ့တခြားတိုးလာသည့် စစ်ရှောင်ဦးရေများအတွက် စားနပ်ရိက္ခာဖူးလုံရေးသည် အလေးထားဖြေရှင်းရမည့် အခြေအနေတရပ်ဖြစ်နေသည်။

အချို့စစ်ရှောင်စခန်းများသို့ အမျိုးသမီးအဖွဲ့များအနေဖြင့် တနိုင်တပိုင် အသက်မွေးဝမ်းကြောင်းသင်တန်းများပေးနေသည်ကို တွေ့ရှိရသည်။ ကရင်နီပြည်နယ်တွင်းရှိ စစ်ရှောင်စခန်းများကို ကရင်နီအမျိုးသမီး အစည်းအရုံး (KNWO) နှင့် စစ်ရှောင်ကူညီရေးလုပ်ငန်းဆောင်ရွက်နေသည့် ဒေသတွင်းပရဟိတအဖွဲ့များနှင့် ပူးပေါင်းကာ စစ်ရှောင်များ စိတ်ဖိစီးမှုနှင့် စိတ်ဓာတ်ကျမှုများ မဖြစ်ပေါ်စေရန် ချည်ထိုး၊ ပန်းထိုး၊ ဇာထိုးစီမံကိန်းစသည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာရပ်များကိုသင်ပေး၍ ထွက်ကုန်များအား စစ်ရှောင်များအတွက် ဝင်ငွေရစေရန် ရောင်းချခြင်းများ ပြုလုပ်ခဲ့သည်။[18]

စစ်ရှောင်စခန်းများတွင် ကိုဗစ်မျိုးရိုးဗီဇကွဲအိုမီခရွန် ကူးစက်ပျံ့နှံ့လျက်ရှိသည်။ ကရင်ပြည်နယ်၊ လေးကေ့ကော်ဒေသတွင် စစ်ဘေးရှောင်နေရသည့် ဒေသခံအရပ်သား (၁၈) ဦးတို့တွင် အိုမီခရွန် ကူးစက်ခံရသည်ကို စစ်ဆေးတွေ့ရှိရပြီး ကူးစက်ခံရမှုတွင် ကလေးသူငယ်များလည်းပါဝင်နေသည်။[19] ထိုနည်းတူ ကရင်နီပြည်နယ်တွင်းရှိစစ်ရှောင်စခန်းများတွင်လည်း အိုမီခရွန်လက္ခဏာနှင့်တူသည့် ရောဂါများခံစားနေကြရသော်လည်း စစ်ဆေးရန်ပစ္စည်းကိရိယာမရှိသည့်အတွက် ကိုဗစ်ဟုတ်မဟုတ် မစစ်ဆေးနိုင်သေးပေ။

## ▪ နိဂုံး

---

1%80%81%E1%80%9E%E1%80%8A%E1%80%BA%E1%80%90%E1%80%BD/?fbclid=IwAR30HTWkDvnvjgOGbUSUH_8AQ1G54tSU5hxWuBekBcZ-LlVbogSDA-8f-xg

[15] Shan News, Feb 4 https://www.facebook.com/shannewsburmese/posts/4855375551221516

[16] The 74 Media, Feb 9 https://www.facebook.com/The74Media/posts/498957684957091

[17] DMG, Feb 17 https://www.facebook.com/dmgnewsagency/posts/2227391357413263

[18] Kantarawaddy Times, Feb 10 https://www.facebook.com/KantarawaddyTimes/posts/4809057792546026

[19] KIC, Feb 23 https://www.facebook.com/KICNewsPage/posts/1896119227239556

စစ်ကောင်စီ၏အာဏာသိမ်းကြိုးပမ်းမှုမှာ တစ်နှစ်ကျော်လာပြီဖြစ်သော်လည်း အောင်မြင်မှုမရှိဘဲ ပြည်သူများအနေဖြင့် စစ်အာဏာရှင်စနစ်ကို နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင် တော်လှန်တိုက်ဖျက်မှုသည် ယနေ့ချိန်ထိ နိုင်ငံတဝှမ်း အားကောင်းနေဆဲဖြစ်သည်။ တဖက်တွင်လည်း စစ်ကောင်စီမှ ၎င်းတို့အာဏာတည်မြဲရန်အတွက် ပြည်သူများအား အကြောက်တရားဖြင့် အုပ်ချုပ်ရန် အကြမ်းဖက် ဖိနှိပ်၊ ညှဉ်းပန်း၊ သတ်ဖြတ်မှုများနှင့် ပြည်သူပိုင်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်းများကို တစိုက်မတ်မတ် လုပ်ဆောင်နေသည့်အပြင် လေတပ်အင်အား အပါအဝင် လက်နက်သာလွန်အင်အား အသုံးပြုကာ ပြည်သူလူထုကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်လျှက်ရှိသည်။

ထိုသို့ လူမဆန်သည့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် စစ်ရှောင်ဦးရေ တနေ့တခြား များပြားလာသော်လည်း စစ်ကောင်စီအနေဖြင့် စစ်ရှောင်ပြည်သူများ ရင်ဆိုင်နေရသော စားနပ်ရိက္ခာမလုံလောက်မှုများနှင့် လုံခြုံရေး စိန်ခေါ်မှုများအပြင် ပြည်သူတရပ်လုံး၏ လူမှုရေး၊ စီးပွားရေးနှင့် စားဝတ်နေရေး အခက်အခဲများကို ဖြေရှင်းပေးမည့် အစီအစဉ်မရှိသည်ကို တွေ့ရှိရသည်။ စစ်ရှောင်စခန်းများတွင် ရိက္ခာများရရှိမှုမရှိတော့ပါက အစာအဟာရပြတ်လပ်မှုနှင့် အသက်ရှင်ရေးအတွက် ကြီးမားသောစိန်ခေါ်မှုနှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ တစ်ပြိုင်တည်းတွင် အမျိုးသမီးဖြစ်ခြင်းကြောင့် အမျိုးသမီးနှင့် မိန်းကလေးငယ်တွေအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်ခြင်းနှင့် သတ်ဖြတ်ခြင်းသည် စစ်ကောင်စီ၏စစ်လက်နက်သဖွယ် ဆက်လက်ကျင့်သုံးလျှက်ရှိပြီး မတရားသောပုဒ်မများဖြင့် အမျိုးသမီးများအပါအဝင်ပြည်သူလူထုအား စွပ်စွဲဖမ်းဆီးထောင်ချခြင်း၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် ပတ်သက်သည်ဟုစွပ်စွဲချက်ဖြင့် ကိုယ်ဝန်သည်များမကျန် ဖမ်းဆီးသတ်ဖြတ်ခြင်းများရှိသည်။ ထို့ကြောင့် အာဏာသိမ်းစစ်ကောင်စီ လက်အောက်တွင် ၎င်းတို့ အာဏာတည်မြဲရန်အတွက် အမျိုးသမီးနှင့် ကလေးပါမချန် ချွင်းချက်မထား ချေမှုန်းသွားမည့်အနေအထားဖြစ်၍ စစ်အာဏာရှင်လုံးဝ အမြစ်ပြတ် အဆုံးသတ်မှသာ ပြည်သူများ လုံခြုံငြိမ်းချမ်းစွာ နေထိုင်နိုင်မည် ဖြစ်သည်။